# အင်္ဂလိပ်စာကို အပိုဆောင်း ဘာသာစကား သို့မဟုတ် (အခြားဘာသာ)ဒေသိယစကား K-10 (မူလတန်းမှ (၁၀)တန်း)အထိ လေ့လာသင်ယူနေသည့် ကျောင်းသားများ အတွက် အစီရင်ခံစာ

## မိဘနှင့် ပြုစုစောင့်ရှောက်သူများအတွက် သတင်းအချက်အလက်များ

လေးစားရပါသော မိဘနှင့် ပြုစုစောင့်ရှောက်သူများ -

မိဘနှင့် ပြုစုစောင့်ရှောက်သူတွေအနေနဲ့ ကလေးရဲ့ကျောင်းဆီကနေ နှစ်စဉ် အစီရင်ခံစာနှစ်စောင် လက်ခံရရှိမှာ ဖြစ်ပါတယ်။ ဒီအစီရင်ခံစာတွေဟာ ကလေးရဲ့တိုးတက်မှုနဲ့ ၎င်းရဲ့ပညာသင်ယူမှုကို ကျောင်းက ပံ့ပိုးနေပုံတွေကို နားလည် သဘောပေါက်အောင် ကူညီပေးပါတယ်။ အစီရင်စာတစ်ခုစီဟာ ဘာသာရပ်အားလုံးမှာ ကလေးရဲ့တိုးတက်မှုတွေကို ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။

### အင်္ဂလိပ်စာကို အပိုဆောင်း ဘာသာစကား သို့မဟုတ် ဒေသိယစကား (English as an additional language or dialect (EAL/D)) အဖြစ် လေ့လာသင်ယူနေသည့် ကျောင်းသားများအတွက် အစီရင်ခံစာများ

ကလေးဟာ အင်္ဂလိပ်စာကို အပိုဆောင်း ဘာသာစကား သို့မဟုတ် ဒေသိယစကား (EAL/D) အဖြစ် လေ့လာသင်ယူနေတယ်ဆိုရင် ၎င်းတို့ရဲ့အင်္ဂလိပ်ဘာသာစကား တိုးတက်ဖို့ ပံ့ပိုးကူညီပေးနေပုံနဲ့ အင်္ဂလိပ်စာ သင်ယူရာမှာ ကလေးရဲ့တိုးတက်မှုတွေကို အစီရင်ခံစာက ရှင်းပြသွားမှာ ဖြစ်ပါတယ်။ Year 1 နှင့်အထက် ကျောင်းသားတွေအတွက် ၎င်းတို့ရဲ့လက်ရှိ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှု အဆင့်ကိုလည်း အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြသွားမှာ ဖြစ်ပါတယ်။ ဒီအဆင့်တွေကတော့ အခြေခံအဆင့်၊ ဖွံ့ဖြိုးစအဆင့်၊ ဖွံ့ဖြိုးဆဲအဆင့် ဒါမှမဟုတ် အခြေခိုင်ပြီးအဆင့်တွေ ဖြစ်ပါတယ်။ ဒီအဆင့်တွေအကြောင်းကို နောက်စာမျက်နှာမှာ ဖော်ပြထားပါတယ်။

### အသစ်ရောက်ရှိလာသော (EAL/D) ကျောင်းသားများအတွက် အစီရင်ခံစာများ

သင့်ကလေးဟာ EAL/D အစီအစဉ်မှာ ပါဝင်နေပြီး ဩစတြေးလျကျောင်းမှာ တက်နေတာ ပညာသင်ကာလ လေးခုပဲရှိသေးရင် ဒါမှမဟုတ် ထို့ထက်နည်းနေသေးရင် ကလေးရဲ့အစီရင်ခံစာမှာ ၎င်းရရှိတဲ့ အဆင့်ထက် လေ့လာသင်ယူနေတဲ့ ဘာသာရပ်တွေမှာ ၎င်းတို့ရဲ့တိုးတက်မှုအကြောင်း မှတ်ချက်တွေကို ဖော်ပြထားနိုင်ပါတယ်။

### အင်္ဂလိပ်ဘာသာစကား အထူးသင်ကြားရေး သင်တန်းကျောင်းများ သို့မဟုတ် အင်္ဂလိပ်ဘာသာစကား အထူးသင်ကြားရေး အထက်တန်းကျောင်းသို့ အသစ်ရောက်ရှိလာသော EAL/D ကျောင်းသားများအတွက် အစီရင်ခံစာများ

ကလေးကို အင်္ဂလိပ်ဘာသာစကား အထူးသင်ကြားရေး သင်တန်းကျောင်း သို့မဟုတ် အင်္ဂလိပ်ဘာသာစကား အထူးသင်ကြားရေး အထက်တန်းကျောင်းမှာ အပ်နှံထားရင် အင်္ဂလိပ်စာ သင်ယူရာမှာ ၎င်းတို့ရဲ့တိုးတက်မှုဆိုင်ရာ အစီရင်ခံစာကို သင့်အနေနဲ့ လက်ခံရရှိမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အထက်တန်းကျောင်းအတွက် ကြိုတင်ပြင်ဆင် လေ့လာနေတဲ့ ဘာသာရပ်အားလုံးက တိုးတက်မှုတွေကို အစီရင်ခံစာမှာ ဖော်ပြသွားမှာ ဖြစ်ပါတယ်။

| အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှု အဆင့်များ | |
|---|---|
| **အခြေခံအဆင့်** | အခြေခံအဆင့်မှ ကျောင်းသားတွေဟာ အင်္ဂလိပ် ဘာသာစကားကို စတင်လေ့လာသင်ယူကြတာ ဖြစ်ပါတယ်။ ၎င်းတို့အနေနဲ့ အင်္ဂလိပ် ဘာသာစကားကလွဲပြီး အခြားဘာသာစကား တစ်မျိုး သို့မဟုတ် ထို့ထက်ပို၍ ပြောဆိုတတ်နိုင်ပြီး ၎င်းတို့ရဲ့ မိခင်ဘာသာစကားမှာ အသက်အရွယ်နဲ့ ကိုက်ညီတဲ့ ရေးတတ်၊ ဖတ်တတ်အဆင့် ရှိနေနိုင်ပါတယ်။ ဒီကျောင်းသားတွေဟာ သင်ရိုးညွှန်းတမ်းထဲက ရိုးရှင်းတဲ့ ဘာသာစကား သင်ခန်းစာတွေကို စတင်ထိတွေ့ကြရပါတယ်။ |
| **ဖွံ့ဖြိုးစအဆင့်** | ဖွံ့ဖြိုးစအဆင့်မှ ကျောင်းသားတွေဟာ အင်္ဂလိပ်စာ ဗဟုသုတ တိုးလာကြပါတယ်။ ဒီကျောင်းသားတွေဟာ အခြေခံ အင်္ဂလိပ်စာ အပါအဝင် ဘာသာစကား တစ်မျိုး ဒါမှမဟုတ် ထို့ထက်ပို၍ ပြောတတ်နိုင်ပြီး အင်္ဂလိပ်စာ အရေးအသား အသိပညာ တိုးတက်လာပါတယ်။ ဒီကျောင်းသားတွေဟာ စာသင်ခန်း လှုပ်ရှားမှုတွေမှာ ပါဝင်နိုင်စွမ်းရှိလာပြီး သင့်တော်တဲ့ ဘာသာစကား သင်ကြားမှုနဲ့ စာသင်ခန်းလှုပ်ရှားမှုတွေ ပြီးမြောက်အောင် အချိန်ပိုတွေ ပေးတဲ့အခါ သင်ယူမှုမှာ ထိတွေ့ပါဝင်လာနိုင် ကြပါတယ်။ |
| **ဖွံ့ဖြိုးဆဲအဆင့်** | ဖွံ့ဖြိုးဆဲအဆင့်က ကျောင်းသားတွေဟာ လုပ်ငန်းသုံး အင်္ဂလိပ်စာ အပါအဝင် ဘာသာစကား တစ်မျိုး ဒါမှမဟုတ် ထို့ထက်ပိုပြီး ပြောဆိုနိုင်ကြတဲ့ အပြင် အင်္ဂလိပ်စာ အရေးအသား အသိပညာ တိုးတက်လာပါတယ်။ ဒီကျောင်းသားတွေဟာ စာသင်ခန်းနဲ့ ကျောင်းရဲ့ ပုံမှန်လုပ်ငန်းဆောင်တာတွေမှာ တက်ကြွတဲ့ ပူးပေါင်းပါဝင်သူတွေ ဖြစ်ကြပြီး တိုးတက်အောင်မြင်မှုတွေနဲ့ ဘာသာစကားဆိုင်ရာ တာဝန်တွေကို လုပ်ဆောင်နိုင်စွမ်း ရှိကြပါတယ်။ အင်္ဂလိပ်သဒ္ဒါ ပိုင်နိုင်မှုကို တိုးတက်အောင် ဆောင်ရွက်ပြီး ဝေါဟာရ ကြွယ်ဝအောင် လုပ်ဆောင်နေချိန်မှာ ၎င်းတို့ရဲ့ မိခင်ဘာသာစကားဟာ အဖိုးတန်တဲ့ အထောက်အပံ့တခု အဖြစ် ဆက်ရှိနေပါတယ်။ |
| **အခြေခိုင်ပြီးအဆင့်** | အခြေခိုင်ပြီးအဆင့်မှ ကျောင်းသားတွေဟာ အင်္ဂလိပ်အပါအဝင် ဘာသာစကား တစ်မျိုး ဒါမှမဟုတ် ထို့ထက်ပိုပြီး ပြောဆိုတတ်တဲ့ အပြင် အင်္ဂလိပ်စာ အရေးအသားမှာလည်း အသိပညာဗဟုသုတ ကောင်းကောင်း ရရှိထားကြပြီ ဖြစ်ပါတယ်။ ဒီကျောင်းသားတွေဟာ စာသင်ခန်းထဲမှာ အမှီအခို ကင်းကင်းနဲ့ ပူးပေါင်းပါဝင်သူတွေ ဖြစ်ကြပြီး အထွေထွေ အောင်မြင်မှုတွေနဲ့အတူ သင်ကြားရေးမှာ ပါဝင်ဖို့ အင်္ဂလိပ်စာကို အသုံးချနိုင်စွမ်း တိုးတက်လာကြပြီ ဖြစ်ပါတယ်။ ၎င်းတို့ဟာ သီးခြား ရည်ရွယ်ချက် အမျိုးမျိုးအတွက် အပြောစကားနဲ့ စာအရေးသားတွေကို နားလည်သဘောပေါက်ပြီး ပြောဆို၊ ရေးသားနိုင်ကြပေမဲ့ EAL/D ကျောင်းသားတွေကို အထောက်အကူပြုတဲ့ ဘာသာစကား သင်ကြားမှုနဲ့ မဟာဗျူဟာတွေအပေါ် အလေးထား အာရုံစိုက်ဖို့ လိုအပ်နေပါသေးတယ်။ ဘာသာရပ် စည်းမျဉ်းစည်းကမ်းတွေအတွက် ပညာရေးဆိုင်ရာ ဘာသာစကားက အဆင့်မြင့်လာတာကြောင့် ဖြစ်ပါတယ်။ |

## တယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု

အချက်အလက်တွေကို ထပ်မံသိရှိချင်တယ်ဆိုရင် သက်ဆိုင်ရာကျောင်းကို ဆက်သွယ်ပါ။ ကျောင်းနဲ့ ဆက်သွယ်ရာမှာ ကူညီဖို့ စကားပြန်လိုအပ်ရင် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု ဖုန်းနံပါတ် 131 450 ကို ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားပြောတဲ့ စကားပြန်တစ်ယောက် တောင်းခံပါ။ စကားပြန်က ကျောင်းသို့ ဖုန်းခေါ်ဆိုပေးမှာဖြစ်ပြီး စကားပြောဆိုရာမှာ ကူညီဖို့ ဖုန်းလိုင်းပေါ်မှာ ရှိနေမှာ ဖြစ်ပါတယ်။ ဒီဝန်ဆောင်မှုအတွက် သင့်ဆီကနေ အခကြေးငွေ ကောက်ခံမှာ မဟုတ်ပါဘူး။